# ဗောဇ္ဈင်္ဂသုတ်

ဖားအောက်တောရ ဆရာတော် အရှင်ဦးကောဝိဒ

နိဒါန်း ၁

---

သံသာရေ သံသရန္တာနံ၊ သဗ္ဗဒုက္ခဝိနာသနေ၊
သတ္တ ဓမ္မေ စ ဗောဇ္ဈင်္ဂေ၊ မာရသေနာပမဒ္ဒနေ။

---

သံသာရေ သံသရန္တာနံ - သံသရာ၌ ကျင်လည်ကြကုန်သော သူတို့၏။
သဗ္ဗဒုက္ခဝိနာသနေ - ခပ်သိမ်းသော (ကိုယ်, စိတ်) ဆင်းရဲကို ဖျက်ဆီး
ပယ်ဖျောက်တတ်သော။
မာရသေနာပမဒ္ဒနေ - ကိလေသာတည်းဟူသော မာရ် စစ်သည်တို့ကို
နှိပ်စက်တတ်ကုန်သော။
သတ္တ - ခုနစ်ပါးကုန်သော။
ဗောဇ္ဈင်္ဂေ - အရဟတ္တမဂ်၏ အင်္ဂါဖြစ်ကုန်သော။
ဗောဓိ + အင်္ဂ = ဗောဓိဉာဏ်၏ အစိတ်အပိုင်း

---

**(မာရသေနာ) မာရ်စစ်သည် ၁၀ ပါး**

(၁) ကာမ - ဝတ္ထု, အာရုံ ကာမဂုဏ်၊
(၂) အရတိ - ရဟန်းအဖြစ်, ပရိယတ်, ပဋိပတ်, ဆိတ်ငြိမ်ရာ၌ မမွေ့လျော်ခြင်း၊
(၃) ခုပ္ပိပါသာ - အာဟာရမမျှ၍ ဆာလောင်နေခြင်း၊
(၄) တဏှာ (တန္ဒီ) - တွယ်တာခြင်း၊ (ရဟန်းတရား၌ ပျင်းစိတ်ဝင်ခြင်း)၊
(၅) ထိနမိဒ္ဓ - မလန်းဆန်း, ထိုင်းမှိုင်း, အိပ်ငိုက်ခြင်း၊
(၆) ဘီရူ - မိစ္ဆာဝိတက် နှောင့်ယှက်၍ ကြောက်စိတ်ဝင်ခြင်း၊
(၇) ဝိစိကိစ္ဆာ - တရားမတက်သဖြင့် ကျင့်စဉ်အား သံသယဝင်ခြင်း၊
(၈) မက္ခေါ ထမ္ဘော - သူတပါး ဂုဏ်သတင်းကို နင်းချေ ဖျက်ဆီး ကျေးဇူးကန်းခြင်း,
မောက်မာ မရိုသေတတ်ခြင်း၊
(၉) လာဘော သိလောကော သက္ကာရော, မိစ္ဆာလဒ္ဓေါ စ ယော ယသော - လာဘ်ရခြင်း,
ကျော်ကြားခြင်း, အလေးပေးခံရခြင်းတို့ကို ယစ်မူး, မာန်တက်, မော်ကြွားခြင်း၊

အလိုဆိုးဖြင့် တရားတု ပြကာ လာဘ်ရခြင်း, အခြွေအရံ များခြင်း
(ကျော်ကြားခြင်း)

(၁၀) အတ္တာနံ သမုက္ကံသေ, ပရေ စ အဝဇာနာတိ - မိမိကိုယ်ကို ဂုဏ်ဖော်, သူတပါးကို
အထင်သေးအောင် နှိပ်ကွက်ခြင်း။

(၂၅၆၇၊ တပို့တွဲလဆန်း ၁၀ ရက်၊ 2024 February 19)

နိဒါန်း ၂

(၂၅၆၇၊ တပို့တွဲလဆုတ် ၂ ရက်၊ 2024 February 26)

---

ဗုဇ္ဈိတွာ ယေစိ-မေ သတ္တာ၊ တိဘဝါ မုတ္တကုတ္တမာ၊
အဇာတိ-မဇရာ-ဗျာဓိံ၊ အမတံ နိဗ္ဘယံ ဂတာ။

---

သတ္တာ - သတ္တဝါတို့သည်။
ယေ စ ဣမေ ဓမ္မေ - ဤ ဗောဇ္ဈင်တရားတို့ကို။
ဗုဇ္ဈိတွာ - ထိုးထွင်း သိကြကုန်သည် ဖြစ်၍။
တိဘဝါ - သုံးပါးသော ဘဝမှ။
မုတ္တာ - လွတ်ကုန်၏။
ဥတ္တမာ - မြတ်ကုန်၏။

---

အဇာတိံ - ပဋိသန္ဓေ နေခြင်း မရှိထသော။
အဇရံ - အိုခြင်း မရှိထသော။
အဗျာဓိံ - နာခြင်း မရှိထသော။
နိဗ္ဘယံ - ဘေးမရှိထသော။
အမတံ - သေခြင်း ကင်းသော နိဗ္ဗာန်သို့။
ဂတာ - ရောက်ကုန်၏။

---

ဗုဇ္ဈိတွာ -

ဗုဓ - နိုးထ, သိ, မျက်မှောက်ပြု

ကိလေသာဟူသော အိပ်ပျော်ခြင်းမှ နိုးထ၊

သစ္စာလေးပါးကို သိ၊

နိဗ္ဗာန်ကို မျက်မှောက်ပြု၊

---

ဧဝမာဒိဂုဏူပေတံ, အနေကဂုဏသင်္ဂဟံ။
ဩသဓဉ္စ ဣမံ မန္တံ, ဗောဇ္ဈင်္ဂဉ္စ ဘဏာမ ဟေ။

---

ဧဝမာဒိဂုဏူပေတံ - ဤသို့ အစရှိသော ဂုဏ်ကျေးဇူး တို့နှင့် ပြည့်စုံထသော။
အနေကဂုဏသင်္ဂဟံ - များသော ဂုဏ်ကျေးဇူးတို့ကို ပေါင်းယူရာ ဖြစ်သော။
ဩသဓဉ္စ - ဆေးလည်း ဖြစ်သော။

မန္တန္တ - မန္တာန်လည်း ဖြစ်သော။

ဣမံ ဗောဇ္ဈင်္ဂံ - ဤဗောဇ္ဈင်ကိုလည်း။
ဟေ - အို သူတော်ကောင်းတို့။
မယံ - ငါတို့သည်။
ဘဏာမ - ရွတ်ကြပါကုန်စို့။

ဗောဇ္ဈင်္ဂေါ သတိသင်္ခါတော, ဓမ္မာနံ ဝိစယော တထာ။
ဝီရိယံ ပီတိပဿဒ္ဓိ, ဗောဇ္ဈင်္ဂါ စ တထာ ပရေ။

သတိသင်္ခါတော - သတိဟု ဆိုအပ်သော။
ဗောဇ္ဈင်္ဂေါ - ဗောဇ္ဈင်လည်ကောင်း။

**သတိသမ္ဗောဇ္ဈင်**

(၁) သတိသမ္ပဇည - သတိသမ္ပဇဉ်နှင့် ပြည့်စုံခြင်း၊
(၂) မုဋ္ဌဿတိပုဂ္ဂလပရိဝဇ္ဇန - သတိကင်းသူကို ရှောင်ကြဉ်ခြင်း၊
(၃) ဥပဋ္ဌိတဿတိပုဂ္ဂလသေဝန - သတိရှိသူနှင့် ပေါင်းသင်းခြင်း၊
(၄) တဒဓိမုတ္တတာ - သတိကို ညွတ်ကိုင်းခြင်း၊

**သမ္ပဇဉ် ၄ ပါး**

(၁) သာတ္ထကသမ္ပဇည - ဘုရားဖူး, ထေရ်ကြီး ဝါကြီးများအား ဖူးမြော်, အသုဘရှု, အကျိုးရှိမရှိကို ဆင်ခြင်ခြင်း၊
(၂) သပ္ပါယသမ္ပဇည - လူစည်ကားရာ ဘုရား, ကျောင်း, နာမည်ကျော် ဆရာတော်များထံ သွားရောက်ရာ သင့်လျော် မသင့်လျော်ကို ဆင်ခြင်ခြင်း၊
(၃) ဂေါစရသမ္ပဇည - ကမ္မဋ္ဌာန်းအာရုံကို ဆင်ခြင်ခြင်း၊
(၄) အသမ္မောဟသမ္ပဇည - မတွေဝေသောအားဖြင့် ဆင်ခြင်ခြင်း။

**ဂေါစရသမ္ပဇဉ်**

(၁) ကမ္မဋ္ဌာန်းကို အသွားဆောင်, အပြန်မဆောင်၊
(၂) ကမ္မဋ္ဌာန်းကို အသွားမဆောင်, အပြန်ဆောင်၊
(၃) ကမ္မဋ္ဌာန်းကို အသွား အပြန် မဆောင်၊
(၄) ကမ္မဋ္ဌာန်းကို အသွား အပြန် ဆောင်။

**ကမ္မဋ္ဌာန်း မဆောင်ခြင်း**

(၁) စေတောခိလ ငါးမျိုး လွှမ်းမိုးခံရသူ၊

(၂) ကမ္မဋ္ဌာန်း တာဝန်များကို ဂရုမစိုက်သူ၊

(၃) ကမ္မဋ္ဌာန်း၌ အမှတ်သညာ ကင်းသူ၊

(၄) လူများနှင့် ရောရောနှောနှော နေထိုင်သူ၊

(၅) မေ့မေ့လျော့လျော့ ဆွမ်းခံ, ဆွမ်းဘုဉ်းပေး, ပြန်လာသူ။

---

ဗောဇ္ဈင်္ဂေါ သတိသင်္ခါတော, ဓမ္မာနံ ဝိစယော တထာ။
ဝီရိယံ ပီတိပဿဒ္ဓိ, ဗောဇ္ဈင်္ဂါ စ တထာ ပရေ။